
## ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၄/၂၀၂၄ )


## (၁၇.၁.၂၀၂၄ မှ ၂၃.၁.၂၀၂၄ ထိ )

၁။ **ပြည်တွင်း၊ ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှုအခြေအနေ။** ၂၀၂၃-၂၀၂၄ ခုနှစ်၊ မိုးစပါး စိုက်ပျိုးရန် လျာထားဧက (၁၄.၉၈၇) သန်းအပေါ် ဧက(၁၄.၉၉)သန်း (၁၀၀%) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ၁၅.၁.၂၀၂၄ ရက်နေ့ထိ ရိတ်သိမ်းဧက (၁၄.၇၀၆) သန်းအပေါ်  ပျမ်းမျှအထွက်နှုန်း (၇၈.၃၅) တင်းဖြင့် အထွက်တင်း(၁၁၅၂.၂၃၁)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့စပါးစိုက်ပျိုးမှု ၁၆၅.၀၀ ဟက်တာသန်း **(ဧက ၄၀၇.၅၅ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၅ မက်တန် **(၂၂၂.၇၈တင်း)**၊ စုစုပေါင်း အထွက် မက်တန် ၅၁၃.၅၄ သန်း **(စပါးတင်း ၂၄၆၀၃.၇၀ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင် (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁) အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ပြည်နယ် | မြို့နယ် | စပါးအမျိုးအစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုးအစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုးသစ်) | ၁၇၉၆၀၀၀ | ↑ ၁၈၄၀၀၀၀ | မနောသုခ(မိုးသစ်) | ၈၀၀၀၀ | ↑ ၈၁၀၀၀ |
| | | | | | | | | |
| (ခ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုးသစ်) | ၁၉၃၀၀၀၀ | ■ ၁၉၃၀၀၀၀ | | ၈၀၀၀၀ | ↑ ၈၁၀၀၀ |
| | | | | | | | | |
| (ဂ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုးသစ်) | ၁၉၃၂၀၀၀ | ↑ ၂၀၀၀၀၀၀ | မနောသုခ(မိုးသစ်) | ၇၄၀၀၀ | ↑ ၇၇၀၀၀ |
| | | ပြည် | ဧည့်မထ(မိုးသစ်) | ၂၀၀၀၀၀၀ | ↑ ၂၁၀၀၀၀၀ | မနောသုခ(မိုးသစ်) | ၇၄၀၀၀ | ↑ ၇၆၀၀၀ |
| | | | | | | | | |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | | | ဧည့်မထ(မိုး) | ၁၀၀၀၀၀ | ■ ၁၀၀၀၀၀ |
| | | | ဧည့်မထ(မိုးသစ်) | ၂၂၀၀၀၀၀ | ■ ၂၂၀၀၀၀၀ | | ၈၆၀၀၀ | ■ ၈၆၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | | | ဧည့်မထ(မိုး) | ၉၄၀၀၀ | ↑ ၉၇၀၀၀ |
| | | | ဧည့်မထ(မိုးသစ်) | ၁၉၅၀၀၀၀ | ↑ ၂၂၈၀၀၀၀ | ဧည့်မထ(မိုးသစ်) | ၇၄၀၀၀ | ↑ ၈၂၀၀၀ |
| | | | | | | | | |
| (င) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ရေမင်း(မိုး) | | | ရေမင်း(မိုး) | ၁၆၀၀၀၀ | ■ ၁၆၀၀၀၀ |
| | | | ရေမင်း(မိုးသစ်) | ၂၄၀၀၀၀၀ | ↑ ၂၇၀၀၀၀၀ | | ၁၂၀၀၀၀ | ↑ ၁၂၅၀၀၀ |
| | | | | | | | | |
| (စ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၇၉၀၀၀၀ | ■ ၁၇၉၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၁၄၀၀၀၀ | ■ ၁၄၀၀၀၀ |
| | | | | | | | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဧယာ(မိုးသစ်) | ၁၉၀၀၀၀၀ | ↑ ၁၉၇၀၀၀၀ | ဧယာ(မိုးသစ်) | ၆၈၀၀၀ | ↑ ၇၅၀၀၀ |
| | | | | | | | | |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၃၂၀၀၀၀၀
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ဧည့်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၈၀၀၀၀
၁၆၀၀၀၀
၁၄၀၀၀၀
၁၂၀၀၀၀
၁၀၀၀၀၀
၈၀၀၀၀
၆၀၀၀၀
၄၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်စျေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB စျေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | စျေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၁.၁.၂၄ | ၈.၁.၂၄ | ၁၅.၁.၂၄ | ၂၂.၁.၂၄ |
| (က) | ထိုင်း | White Rice ၁၀၀% | ၆၇၄ | ၆၇၄ | ၆၆၁ | ↑ ၆၈၂ |
| | | White Rice ၅% | ၆၅၉ | ၆၅၉ | ၆၄၆ | ↑ ၆၆၈ |
| | | White Rice ၂၅% | ၆၂၃ | ၆၂၃ | ၆၁၁ | ↑ ၆၂၆ |
| | | Parboiled Rice ၁၀၀% | ၆၅၉ | ၆၅၉ | ၆၄၆ | ↑ ၆၅၂ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၆၅၇ | ၆၅၇ | ၆၅၇ | ▬ ၆၅၇ |
| | | White Rice ၂၅% | ၆၃၇ | ၆၃၇ | ၆၃၇ | ↓ ၆၁၈ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၉၇ | ၅၉၇ | ၅၉၇ | ↑ ၆၂၇ |
| | | White Rice ၂၅% | ၅၁၇ | ၅၁၇ | ၅၁၇ | ↑ ၅၆၃ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | - | - | - | - |
| (င) | မြန်မာ | White Rice ၅% | ၅၇၀-၅၇၅ | ၅၇၀-၅၇၅ | ၅၇၅-၅၈၀ | ▬ ၅၇၅-၅၈၀ |
| | | White Rice ၁၀% | ၅၆၀-၅၇၀ | ၅၆၀-၅၇၀ | ၅၆၅-၅၇၅ | ▬ ၅၆၅-၅၇၅ |
| | | White Rice ၁၅% | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ | ၅၆၀-၅၆၅ | ▬ ၅၆၀-၅၆၅ |
| | | White Rice ၂၅% | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ | ၅၅၅-၅၆၀ | ▬ ၅၅၅-၅၆၀ |
| | | Parboiled Rice ၅% | ၆၃၀-၆၄၀ | ၆၃၀-၆၄၀ | ၆၄၀-၆၅၀ | ▬ ၆၄၀-၆၅၀ |
| | | Parboiled Rice ၁၀% | ၆၂၀-၆၃၀ | ၆၂၀-၆၃၀ | ၆၃၀-၆၄၀ | ▬ ၆၃၀-၆၄၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၂၂.၁.၂၀၂၄ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၅.၉၆၇) သန်းဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၆၇.၂၄၉) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၁၂.၁.၂၀၂၄ နေ့ထိ ဆန်တန်ချိန် (၅၇၆၅၈၄)၊ တန်ဘိုး (၃၁၁.၉၇၈) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၁၀၂၀၁၀၆)၊ တန်ဘိုး (၃၈၇.၇၆၂) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၄၄၃၅၂၂)၊ တန်ဘိုး (၇၅.၇၈၄) USD သန်း လျော့ နည်းတင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန်တစ်တန်ပေါက်ဈေးမှာ FOB ၅၆၀ USD ဖြစ်ပြီး Earning ဈေး ၃၀၀၂ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၄၁ USD ဖြစ်သဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** အင်ဒိုနီးရှားနိုင်ငံသည် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၂ သန်းကို ဝယ်ယူရန် ညှိနှိုင်းမှုများရှိနေခြင်းကြောင့် ပို့ကုန်ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ဆန်ဈေးနှုန်းများမြင့်မားနေသည့်အတွက် ဝယ်လိုအားလျော့နည်းပြီး ယခုတစ်ပတ် ပို့ကုန်ဆန် ဈေးနှုန်းကျဆင်းခဲ့ပါသည်။ ပြည်တွင်းဈေးကွက်၌ မြို့နယ်အချို့တို့တွင်ပြည်ပတင်ပို့ရန် ဈေးကွက် အတွင်း ဆန်ဝယ်ယူစုဆောင်းမှုများလာခြင်း၊ ဈေးကွက်အတွင်း ဈေးဆက်တက်နိုင်မည်ဟု ခန့်မှန်း ချက်ဖြင့် ကုန်သည်များ ဝယ်ယူသိုလှောင်မှု များလာခြင်း၊ လျှပ်စစ်မီးအခြေအနေအရ ဈေးကွက်လို အပ်ချက်ကို အပြည့်အဝကြိတ်ခွဲနိုင်ခြင်းမရှိသဖြင့် ဈေးကွက်အဝင်နည်းနေခြင်း၊ နိုင်ငံတကာဈေး ကွက်တွင်လည်း ဆန်ရောင်းအားနည်းပြီး ဆန်ဈေးနှုန်းများ မြင့်တက်နေခြင်းတို့ကြောင့် စပါး၊ ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ ကျန်မြို့နယ်အချို့တွင် စပါး၊ ဆန်ဈေးနှုန်းများဈေး ငြိမ်နေပြီး အရောင်းအဝယ်ပုံမှန်ဖြစ်ကြောင်းသိရှိရပါသည်။